ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံအကြီးစားပြင်ဆင်ခွင့်လျှောက်ထားလာပါက မြေပြင်ကွင်းဆင်း စစ်ဆေးရာတွင် အောက်ပါအတိုင်း စစ်ဆေးဆောင်ရွက်မည် ဖြစ်ပါသည်–

(၁) မြေပိုင်ဆိုင်မှုအထောက်အထားပါအတိုင်းအတာနှင့် မူလအဆောက်အအုံအတိုင်းအတာ မှန်ကန်မှုရှိ/မရှိ စစ်ဆေးခြင်း

(၂) မူလအဆောက်အအုံ၏ အမျိုးအစား၊ အတိုင်းအတာ၊ Layout Plan၊ အဆောက်အအုံပျက်စီးမှု အခြေအနေနှင့် ပြင်ဆင်မည့်အခြေအနေတို့ကို စစ်ဆေးခြင်း

(၃) အဆိုပြုမြေကွက်သို့ ဆက်စပ်မြေကွက်များမှ အဆောက်အအုံအစိတ်အပိုင်းများ လေကျူးကျော်ခြင်း၊ မြေကျူးကျော်ခြင်းရှိ/မရှိ စစ်ဆေးခြင်း

(၄) ပြင်ဆင်မည့်အဆောက်အအုံနှင့် လျှပ်စစ်ဓာတ်အားလိုင်း အကွာအဝေး စစ်ဆေးခြင်း

(၅) အမှုတွဲ၌ တင်ပြထားသည့် ဘေးအိမ်နှင့် ပတ်ဝန်းကျင်နေထိုင်သူတို့၏ထောက်ခံချက်များကို စစ်ဆေးခြင်း